ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇ - ၂၀၁၈)

## Village Development Plan (VDP)

ဟိုစဲ့ ကျေးရွာ၊ မယ်စဲ့ ကျေးရွာအုပ်စု၊ မယ်စဲ့ မြို့နယ်

## မာတိကာ


၁။ မယ်စဲ့ မြို့နယ်မြေပုံ

၂။ ဟိုစဲ့ ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)


၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မယ်စဲ့ မြို့နယ်မြေပုံ



မယ်စဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်ရေပေးရေးအခြေပြမြေပုံ
ရည်ညွှန်းချက်
စိမ့်စမ်း ( ၁၂ ) ခု
အခြား ( ၃ ) ခု
ကျေးရွာချင်းဆက်လမ်းများ
မြို့နယ်နမိတ်
5 0 5 10 15 20 km

## ၂။ ဟိုစဲ့ ကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုအရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁ | ဟိုစဲ့ | ၃၂၇ | ၇၂၂ | ၇၄၆ | ၁၄၆၈ |
| ၂ | ပန်တိန်း | ၂၅၆ | ၆၀၆ | ၅၉၂ | ၁၁၉၈ |
| ၃ | ဝမ်ကန် | ၈၂ | ၂၀၄ | ၁၉၂ | ၃၉၆ |
| ၄ | **စုစုပေါင်း** | ၆၆၅ | ၁၅၃၂ | ၁၅၃၀ | ၃၀၆၂ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)


ကယားပြည်နယ် ၊ မယ်စဲ့မြို့နယ် ၊ ဟိုစဲ့ကျေးရွာအုပ်စု၊ ဟိုစဲ့ကျေးရွာသည် မယ်စဲ့မြို့မှ ဘီဘီ(၁၄) သို့သွားလာရန် ဖောက်လုပ်ထားသော လမ်းဘေးတွင် တည်ရှိပါသည်။ မယ်စဲ့မြို့အနောက်ဘက်(၇)မိုင် အကွာတွင် တည်ရှိပါသည်။ ယင်းကျေးရွာ၏အမည်ကို ရှမ်းဘာသာဖြင့်ခေါ်တွင်ထားခြင်းဖြစ်ပြီး **'ဟို'**ဆိုသည်မှာ အထက်ပိုင်းဖြစ်ပြီး **'စဲ့'**ဆိုသည်မှာ ကျေရွာနားရှိနမ့်စဲ့ချောင်းကို ဆိုလို၍ နမ့်စဲ့ချောင်း၏အထက်ပိုင်းတွင် ရှိသောကျေးရွာဟု အဓိပ္ပါယ်ရသည်။ ဟိုစဲ့ကျေးရွာသည် ဒုတိယကမ္ဘာစစ်မတိုင်မီကပင်တည်ရှိခဲ့ပြီး စစ်မက်ဖြစ်ပွားသည့်ဒဏ်ကြောင့် ယင်းကျေးရွာနေပြည်သူများသည် မကြာခဏ ထွက်ပြေးတိမ်းရှောင် နေရသောကြောင့် အတည်တကျနေထိုင်ခွင့် မရခဲ့ကြပါ။ ၁၉၉၂ခုနှစ်နောက်ပိုင်းတွင် (ကလလတ) အဖွဲ့အစည်း ငြိမ်းချမ်းရေးယူပြီးနောက် ယင်းကျေးရွာကို ပြန်လည်ထူထောင်ကာ ကျေးရွာဖွံ့ဖြိုးရေးများ ဆောင်ရွက်လာပါသည်။ ကရင်၊ ရှမ်း၊ ကယန်းလူမျိုးအများစု နေထိုင်ကြပါသည်။ လူမျိုးရောများနှင့် အစ္စလာမ်ဘာသာဝင်အချို့တို့လည်း အတူနေထိုင်ကြပါသည်။ အိမ်ထောင်စုအရေတွက်(၃၃၇)စုရှိပြီး ကရင်လူမျိုးစု(၁၀၀)အိမ်၊ ကယန်းလူမျိုးစု (၇၅)အိမ်၊ ရှမ်းလူမျိုးစု(၂၀)အိမ်နှင့် လူမျိုးရော(၁၄၀)မွတ်ဆလင်လူမျိုး (၂) အိမ်နေထိုင်ကြပါသည်။ ဘုန်းကြီးကျောင်း၊ စေတီ ၊ ခရစ်ယာန်ဘုရားကျောင်း ၊အထက်တန်းကျောင်း၊ မူကြိုကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း အဆောက်အဦးများရှိပါသည်။ တောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီးစပါး နှင့် နှမ်းကို အဓိကစိုက်ပျိုးကြသည်။ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့ကိုလည်း အချို့အနည်းငယ်စိုက်ပျိုးကြသည်။ အဆင်ပြေသော အိမ်ထောင်စုအချို့မှာ ကျွဲ၊ နွားများကို မွေးမြူကြပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၆၈ | ၁၁၂ | ကျေးရွာအတွင်းရှိအိမ်ခြေများ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အားအသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအားဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၆၈ | ၁၁၂ | ကျေးရွာအတွင်းရှိမိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာစံနှုန်းအပေါ်အခြေခံပြီးလူနေမှု အဆင့်အတန်းများသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၆၈ | ၁၁၂ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ် မှုများအားဖော်ထုတ်ခြင်း |
| ၄ | ကျား-မရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၆၈ | ၁၁၂ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသောအခွင့်အရေးများအား နှိုင်းယှဉ်ပြီးမှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြပြက္ခဒိန် | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၆၈ | ၁၁၂ | ကျေးရွာအတွင်းရှိမိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သောလုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအားဖော်ထုတ်ခြင်း။ |
| ၆ | အဖွဲ့အစည်းများချိတ်ဆက်မှုပြ ဗင်းပုံစံ | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၄၄ | ၆၈ | ၁၁၂ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ နှင့် အကျိုးဆက်များအားဖော်ထုတ်ခြင်း။ |


## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




ဟိုစဲ့ကျေးရွာတွင် အိမ်ခြေ (၃၂၇) အိမ်ရှိပြီးအိမ်ထောင်စုမှာ (၃၂၇)အိမ်ထောင်စုရှိကာလူဦးရေအားဖြင့် (၁၄၆၈)ဦးခန့်ရှိပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းအနေဖြင့် တောင်ယာနှင့် လယ်လုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊နှမ်းကို ပိုမိုစိုက်ပျိုးကြသည်။ ကြက်သွန်အဖြူ အနီနှင့် အခြားဟင်းသီးဟင်းရွက်ပင်များကိုလည်း စိုက်ပျိုးကြသည်။ ကျေးရွာတွင်မူကြိုကျောင်း၊ အထက်တန်းကျောင်းရှိပြီး ဘုန်းကြီးကျောင်း၊ စေတီနှင့် ခရစ်ယာန်ဘုရားကျောင်း ဘာသာရေးအဆောက်အဦးများလည်း ရှိပါသည်။ ကရင်၊ ကယန်း၊ ရှမ်းလူမျိုးများနှင့် လူမျိုးရောများ စုပေါင်းနေထိုင်ကြသည်။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာကို အသီးသီး သက်ဝင်ယုံကြည် ကိုးကွယ်ကြပါသည်။ အချို့အဆင်ပြေသော အိမ်ထောင်စုများမှာ ဖာလာခြံ၊ ဥယျာဉ် တို့ကို စိုက်ပျိုးကြသည်။ ထို့အပြင် ကြက်၊ ဝက်၊ ကျွဲနွား များကိုလည်း တပိုင်တနိုင်မွေးမြူကြသည်။ ကျေးရွာရှိအရင်းအမြစ်အများစုမှာ တောင်ယာ နှင့် ဖာလာခြံ ဖြစ်ပြီးလယ်၊ ချောင်းသဲ၊ကျောက် နှင့် သစ်တောအရင်းအမြစ်မှာ အနည်းငယ် သာ ရှိပါသည်။ လူမျိုး ဘာသာသီးခြားနေထိုင်ခြင်းမရှိပါ။ ကျေးရွာအတွင်း မှပြင်ပသို့ အသက်မွေးဝမ်းကြောင်းအတွက် သွားရောက်လုပ်ကိုင်သူ (၃)ရာခိုင်နှုန်းခန့် ရှိသည်။ လွန်ခဲ့သော(၅)နှစ်အတွင်း သစ်တောနှင့် ရေအရင်းအမြစ်တို့ ရှားပါးလာပြီး အလုပ်အကိုင် အခွင့်အလမ်းလည်း နဲပါးလာပါသည်။

## (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း





ဟိုစဲ့ကျေးရွာတွင် ဥစ္စာဓန ကြွယ်ဝမှုပြဇယားအရ ပိုင်ဆိုင်မှုကို အဆင့်(၁)၊ အဆင့်(၂) နှင့် အဆင့် (၃)ဟူ၍ အမျိုးအစား သုံးမျိုး ရှိပါသည်။ အဆင့်(၁)ပိုင်ဆိုင်မှု သတ်မှတ်ချက်တွင် ကား၊ ဆိုင်ကယ်၊ တိုက်အိမ်၊ တိုက်ပုအိမ်၊ ဆိုင်၊ ပျဉ်ထောင်အိမ်၊ လျှပ်စစ်မီး၊ တီဗွီ၊ စလောင်း၊ ရေခဲသေတ္တာတို့ကို ပိုင်ဆိုင်ကြသည်။ အဆင့်(၂) ပိုင်ဆိုင်မှုများမှာ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ အချို့သောအိမ်များတွင် တီဗွီ၊ အောက်စက်၊ ရေခဲသေတ္တာ၊ လယ်ယာ၊ တောင်ယာ၊ ဖာလာခြံတို့ကို ပိုင်ဆိုင်ကြသည်။ မိသားစု စားဝတ်နေရေး နှင့် ကလေးကျောင်းစရိတ်များကို ဖူလုံစွာ ထောက်ပံ့ပေးနိုင်ကြပါသည်။ အဆင့်(၃) သတ်မှတ်ချက်အရ ဝါးထရံအခင်း၊ အကာတို့ဖြင့် ပြုလုပ်ထားသောအိမ်၊ တရုတ်ဆိုင်ကယ်၊ ဖာလာခြံ အနည်းငယ်နှင့် ရွှေ့ပြောင်းတောင်ယာတို့ကို ပိုင်ဆိုင်ကြပါသည်။ စားဝတ်နေရေး အတွက် နေ့စားအလုပ်ကို လုပ်ကိုင်၍ ဖြေရှင်းကြရပါသည်။ အဆင်မပြေပါက ငွေများချေးယူ ကြရသည်။ ကလေးများ ပညာရေးကိုလည်း ငွေကြေး အဆင်မပြေမှုများကြောင့် ရေးတတ်ဖတ်တတ်ရုံသည် အထိသာကျောင်းကို ထားနိုင်ကြသည်။ အဆင့်(၁)ပိုင်ဆိုင်မှုတွင် အိမ်ထောင်စုအားဖြင့် (၂၂) စု၊ အဆင့်(၂) အိမ်ထောင်စုမှာ အိမ်ခြေ (၁၁၂) နှင့် အဆင့်(၃) အိမ်ခြေတွင် (၂၀၂) ရှိပြီး ရာခိုင်နှုန်းအားဖြင် အဆင့်(၁)တွင် (၆.၇)၊ အဆင့် (၂) (၃၃.၃) နှင့် အဆင့် (၃) (၆၀)ခန့် ရှိသည်။ ထွေအုပ်စာရင်းတွင် ပေါက်သော အိမ်ထောင်စုမှာ (၃၃၇)စုရှိပြီး အိမ်ထောင်စု မပေါက်သေးသော အိမ်တို့ နှင့် စုစုပေါင်းကျေးရွာတွင် လက်ရှိ အိမ်ထောင်စု (၃၃၆)ရှိပါသည်။

### (ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)





ပိုင်ဆိုင်မှုသုံးသပ်ချက်အရ အမျိုးသားများထိန်းချုပ်သုံးစွဲသော အရင်းအမြစ်များမှာ ဆိုင်ကယ်၊ ကား၊ ကျွဲနွား၊ ကား၊ ဆိုင်ကယ်၊ ဘောလုံးကွင်း၊ သဲနှင့် ကျောက်တို့ကို အမျိုးသားများ ထိန်းချုပ်ပြီး အမျိုးသား၊ အမျိုးသမီးများ သုံးစွဲကြပါသည်။ ဝက်၊ ကြက်၊ အပ်ချုပ်စက်တို့ကိုအမျိုးသမီးများကိုယ်တိုင်ထိန်းချုပ်ကြသည်။လယ်၊တောင်ယာ၊ရေ၊ သစ်တော၊ ဖာလာခြံ၊ လမ်း၊ ခန်းမဆောင်၊ စာသင်ကျောင်း၊ စာကြည့်တိုက်၊ ဘုန်းကြီးကျောင်း၊ ဘုရားကျောင်း၊ ဆေးပေးခန်း၊ ဆည်တို့ကို အမျိုးသမီးနှင့်အမျိုးသားတို့အတူသုံးစွဲကြပြီးအမျိုးသားများကထိန်းချုပ်ကြပါသည်။

## (ဃ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)




ဟိုစဲ့ကျေးရွာတွင် ပင့်ကူအိမ်သုံးသပ်ချက်အရ ကျန်းမာရေး ကဏ္ဍအရ အမျိုးသမီးနှင့် အမျိုးသား ကွာခြားချက်မှာ (၄)ရာခိုင်နှုန်းရှိပြီး အမျိုးသားများအနေဖြင့် အမျိုးသမီးများထက် ကျန်းမာရေးအသိပညာတွင် အားနည်းနေကြောင်း တွေ့ရပါသည်။ အိမ်မှုကိစ္စတွင် အမျိုးသားများသည် အားလပ်သောအခါများတွင် အမျိုးသမီးများအား ကူညီကြပါသည်။ ဦးဆောင်မှု အပိုင်းတွင် အမျိုးသားနှင့် အမျိုးသမီးအတူ ဦးဆောင်ကြသော်လည်း အမျိုးသာများအား သာ၍ ဦးဆောင်မှု ပြုစေကြသည်။အမွေကိစ္စတွင်အမျိုးသား၊ အမျိုးသမီးခွဲဝေပေးမှု ရှိသော်လည်း အမျိုးသားများအား သာ၍ပေးစေကြသည်။ ဝင်ငွေရှာကြရာတွင်လည်း အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ အတူတကွ ပူးပေါင်းရှာဖွေ လုပ်ကိုင်စားသောက်ကြရသည်။ ဆုံးဖြတ်ချက်ချရာ၌လည်း အမျိုးသမီးများ ပါဝင်ကူညီဆုံးဖြတ်စေပြီး အမျိုးသား များကို ဦးစားပေးဆုံးဖြတ်ချက်ချစေသည်။ ပညာရေးတွင်လည်း ထောက်ပံ့ပေးရန် စရိတ်မလုံသောအခါ အလုပ်ကြမ်းလုပ်ရာတွင် အားနည်းသော အမျိုးသမီးများအား ဦးစားပေး သင်ကြားစေကြသည်။ စီမံခန့်ခွဲမှုကို အမျိုးသားများက ပိုမို ဦးဆောင်ကြပါသည်။ ပင့်ကူအိမ်ဆန်းစစ်ချက်တွင် အမျိုးသားများက အမျိုးသမီးများကို အတူတကွ လက်တွဲခေါ်ဆောင်ခြင်းအားဖြင့် အားနည်းချက်၊ အားသာချက် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် နှင့် တန်းတူညီမျှ ရှိစေရန် ခွဲခြားမှု မရှိစေပဲ လက်တွဲခေါ်ဆောင် ပါဝင်ပူးပေါင်း လုပ်ကိုင်တတ်စေသော အချက်များကိုလည်း ဆွေးနွေးကြပါသည်။

### (၄) ရာသီခွင်ပြဇယား




ဟိုစဲ့ကျေးရွာတွင် ရာသီခွင်ပြဇယားအရ မေ၊ ဇွန်၊ စက်တင်ဘာ၊ အောက်တိုဘာ နှင့် နိုဝင်ဘာလများတွင် တောင်ယာအလုပ်ဖြင့် လုပ်ငန်းခွင့်သို့ သွားရောက် လုပ်ကိုင်ကြရပါသည်။ ဟိုစဲ့ကျေးရွာ၏ အဓိကလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်း ဖြစ်ပြီး၊ တောင်ယာတွင် နှမ်း၊ တောင်ယာ ( စပါး) နှင့် ဖာလာတို့ကို အဓိက စိုက်ပျိုးကြသည်။ လယ်ယာအနည်းငယ်သာ ရှိ၍ ရွှေ့ပြောင်းတောင်ယာကိုသာ အဓိက လုပ်ကိုင်ကြရပါသည်။ လယ်ယာတွင် စပါး၊ ကြက်သွန်ဖြူ တို့ကို စိုက်ပျိုးကြသည်။ တစ်နှစ်ပတ်လုံး အလုပ်လုပ်ရသော်လည်း ဝင်ငွေရသောလမှာ (၄) လသာ ရှိပါသည်။ ရာသီကူးပြောင်းချိန်တွင် နာစေး၊ ချောင်းဆိုး အဖြစ်များပါသည်။ ဇူလိုင်လတွင် ဝမ်းပျက်ဝမ်းလျော နှင့် ငှက်ဖျားတို့ဖြစ်တတ်ကြသည်။ ပွဲတော်များကို ဇန်နဝါရီလတွင် ကရင်နှစ်သစ်ကူးပွဲတော်၊ ဧပြီလတွင် ကယန်းဒေး နှင့် သင်္ကြန်ပွဲတော်၊ ဇွန်လတွင် (ကလလက) တပ်မွေ့နေ့ပွဲကျင်းပပြီး အောက်တိုဘာလတွင် သီတင်းကျွတ်ပွဲတော်၊ မယ်တော်လှည့်လည်ပွဲများ၊ နိုဝင်ဘာလတွင် တန်ဆောင်တိုင်ပွဲတော် နှင့် ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော်တို့ကို ပြုလုပ်ကျင်းပကြသည်။ ဧပြီ လ နှင့် မေလတွင် သောက်သုံးရေ အလွန်နည်းပါးလာသည်။ မတ်၊ ဧပြီ၊ မေလတတို့တွင် စားရေးခက်ခဲမှုရှိပြီး အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင်သာ စားရေးဖူလုံမှု ရှိကြပါသည်။ အိမ်ခြေ (၂၀၀) လောက်သည် ကြိုရာကျပန်းအလုပ်ကို လုပ်ကိုင်စားသောက်ကြရပါသည်။ လယ်ယာစိုက်ပျိုးရာတွင် ထွက်ငွေမှာ (၁၀)သိန်းခန့်ရှိပြီး ဝင်ငွေမှာ(၁၅)သိန်းသာ ရရှိပါသည်။ အမျိုးသမီးများ၏ ဝင်ငွေသည် အမျိုးသားများ၏ဝင်ငွေထက် နည်းပါးကြသည်။

## (စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ်





ဗင်းပုံစံချိတ်ဆက်မှုပြဇယားအရ ဟိုစဲ့ကျေးရွာတွင် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် လူငယ်အဖွဲ့၊ ဘာသာရေး အသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ မှ ပါဝင်ပူးပေါင်း လုပ်ဆောင်ကြပါသည်။ လူမှုရေး ဆိုင်ရာ ကိစ္စရပ်များတွင် ကျန်းမာရေးကော်မတီ၊ လူငယ်အဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့၊ KNPLFအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့မှ လုပ်ဆောင်ကြပါသည်။ စီးပွားရေးဆိုင်ရာကိစ္စတွင် မြစိမ်းရောင် ၊ Pact Myanmar အဖွဲ့တို့မှ ပါဝင်ဆောင်ရွက်မှု ပြုကြပါသည်။ ဖွံ့ဖြိုးရေးဆောင်ရွက်မှုတို့၌ စီမံခန့်ခွဲမှုကို အုပ်ချုပ်ရေးအဖွဲ့၊ နာယကအဖွဲ့ နှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့တို့မှ ပါဝင်လုပ်ရှားဆောင်ရွက် ကြပါသည်။ အဖွဲ့အစည်းတိုင်းတွင် အမျိုးသမီးများ ပါဝင်ပူးပေါင်းဆောင်ရွက်မှု ရှိကြပြီး အုပ်ချုပ်ရေးအပိုင်းတွင်သာ ပါဝင်မှု မရှိကြပါ။ အဖွဲ့အစည်းများ ချိတ်ဆက်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှ တဆင့် ကျန်းမာရေးကော်မတီအဖွဲ့မှ ကျေးရွာလူထုထံသို့ ချိတ်ဆက် လုပ်ကိုင်ကြရပါသည်။ ပြင်ပမှ လာသော အဖွဲ့အစည်းများ SCI ၊ Pact Myanmar ၊ CHDN အဖွဲ့များသည် ကျေးရွာလူထု ကျန်းမာရေးအား အဓိကထား လုပ်ဆောင်ခဲ့ပါသည်။ CDD (လူထုဗဟိုပြုစီမံကိန်း) မှာ ၂၀၁၇ခုနှစ်တွင် စတင်၍ ကျေးရွာစီမံခန့်ခွဲမှု ကော်တီများဖွဲ့စည်းကာ လူထုကိုယ်တိုင် ဦးဆောင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးများကို ဆောင်ရွက်ပါသည်။

## (ဆ) အခက်အခဲများနှင့်ပြဿနာများ





ဟိုစိုဲကျေးရွာသည် ကျေးရွာမှ အမျိုးသား၊ အမျိုးသမီးများ၏ အခက်အခဲပြဿနာတို့မှာ ရေပိုက်လိုင်းစနစ် အားနည်း၍ ရေမလုံလောက်သည့် ပြဿနာ ၊ တကိုယ်ရေ ကျန်းမာရေးအတွက် အခက်အခဲနှင့် အချိန်ကုန် လူပင်ပန်းရသည့် အခက်အခဲများ ရှိပါသည်။အလုပ်အကိုင်ရှားပါး၍ စီးပွားရေး၊စားဝတ် နေရေး၊ ပညာရေး၊ ကျန်းမာရေး ဖြေရှင်းမှု အခက်အခဲကြုံတွေ့ရသည်။ မူကြိုကျောင်း ပျက်စီးနေသဖြင့် ကလေးများအတွက် လုံခြုံမှု မရှိခြင်း၊ မြို့သစ်(၁) နှင့်(၂)တွင် မူကြိုဆရာမ မရှိသည့် အခက်အခဲပြဿနာများ ရှိပါသည်။ လမ်းမီးများမရှိ၍ ညသွားလာရာတွင် အဆင်မပြေခြင်းနှင့် အမျိုးသမီးများအတွက် လုံခြုံမှုနည်းခြင်း၊ ဆင်းရဲသော မိသားစုများတွင် စားဝတ်နေရေး ပြဿနာကို ဖြေရှင်းနေရ၍ လျှပ်စစ်မီးရရှိရန် လက်လှမ်းမမှီသည့် အခက်အခဲများ ရှိကြပါသည်။ ခန်းမဆောင်မရှိသောကြောင့် အစည်းဝေးနေရာ ခက်ခဲမှု ရှိသည်။ စာကြည့်တိုက်ရှိပြီး ဗဟုသုတရရှိစေမည့် စာအုပ်များမရှိသည့် အတွက် အခက်အခဲ ရှိပါသည်။ ရပ်ကွက်ပိုင်ကား မရှိ၍ သာရေး၊ နာရေးကိစ္စရပ်တို့တွင် အခက်အခဲရှိပြီး ဆေးဝါးနှင့် ဆရာမများမရှိသည့် အခက်အခဲပြဿနာများ တွေ့ကြုံရပါသည်။ ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အိုများ နှင့် မိဘမဲ့ကလေးများအတွက် စားဝတ်နေရေး အခက်အခဲများလည်း ရှိပါသည်။ အချို့နေအိမ်များသည် ကျေးရွာလမ်းမကြီးသို့ သွားရန် ရွာတွင်းလမ်းကြားမရှိသည့် အခက်အခဲတွေ့ကြုံရပါသည်။။ ကျေးရွာဈေးတန်း မရှိခြင်း၊ သီနံဈေးကွက် မရှိ၍ ဝင်ငွေထွက်ငွေမမျှသည့် အခက်အခဲများလည်း ကြုံတွေ့ရပါသည်။

## (၉) မျှော်မှန်းချက်




ဟိုစဲ့ကျေးရွာလူထုများသည် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေချင်ကြပါသည်။ ရွာတွင်း သွားလာရာလမ်းများ ချောမွေ့အဆင်ပြေစေပြီး၊ အလုပ်အကိုင် အခွင့်အလမ်းပိုမို ရရှိလာစေရန် နယ်စပ် ကုန်သွယ်ရာလမ်း ဖွင့်လှစ်ပေးနိုင်ရန် မျှော်မှန်းထားပါသည်။ ကျေးရွာတွင်းထွက်ကုန် သီးနှံများ၊ ရောင်းချနိုင်ရန် ကျေးရွာဈေးတန်း ရှိစေချင်ပါသည်။ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းပိုမို ရရှိလာစေရန် အိမ်တွင်းမှုသင်တန်းများ တက်ရောက်ချင်ပါသည်။ စာသင်ကျောင်းအတွင်းရှိ အိမ်သာများ၊ ကျောင်းဆောင် နှင့် ပရိဘောဂများ လုံခြုံမှုရှိစေရန် ကျောင်းခြံစည်းရိုး ပြုပြင်ရန် အတွက် မျှော်မှန်းထားပါသည်။ အိမ်တိုင်း သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် မျှော်မှန်းထားပါသည်။ လျှပ်စစ်ဓာတ်တိုင်များ လုံလောက်စွာ ရရှိ၍ မြို့သစ်ရပ်ကွက်တွင် မူကြိုကျောင်း ရရှိစေချင်ပါသည်။ ကျေးရွာအတွက် အစည်းအဝေးများပြုလုပ်ရာတွင် အဆင်ပြေစေရန် ခန်းမဆောင် ရှိစေချင်ပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း



ဟိုစဲ့ကျေးရွာ ၌ ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ကြရာတွင်

(၁ )ကျောင်းခြံစည်းရိုးပြုပြင်တည်ဆောက်ခြင်းနှင့် ကျောင်းရေစည် တည်ဆောက်ခြင်း

(၂) မူကြိုကျောင်း နှင့် ခြံစည်းရိုးတည်ဆောက်ခြင်း၊

(၃) ခန်းမဆောင်တည်ဆောက်ခြင်း

(၄) ရွာတွင်းလမ်း ပြုပြင်ခြင်း၊

(၅) မူကြိုအိမ်သာတည်ဆောက်ခြင်းနှင့်

(၆) ရေပိုက်လိုင်းပြုပြင်တိုးချဲ့ခြင်း

(၇) ရေပိုက်သွယ်စနစ်နှင့်ပက်သက်သည့်နည်းပညာသင်တန်းပံ့ပိုးပေးခြင်း

(၈) သာရေးနာရေးအတွက်အရေးပေါ်ယာဉ်

(၉) လျှပ်စစ်ဓါတ်တိုင်ပံ့ပိုးပေးခြင်း

(၁၀) စာကြည့်တိုက်သုံးပရိဘောဂနှင့်စာအုပ်များပံ့ပိုးပေးခြင်း

(၁၁)ဆိုင်ကယ်ဝပ်လျှော့နှင့်အဆင့်မြင့်စက်ချုပ်သင်တန်းပံ့ပိုးပေးရန် တို့ကို

အမျိုးသား၊ အမျိုးသမီးများဇယားကွက်မဲပေးစနစ်ဖြင့် ရွေးချယ်ထားပါသည်။ မူကြိုကျောင်းနှင့် ကျောင်းခြံစည်းရိုးများ ပျက်စီးနေခြင်းကြောင့် ဦးစားပေး(၁) နှင့်(၂)ကိုလည်းကောင်း၊ ဟိုစဲ့ကျေးရွာသည် အိမ်ခြေများပြား ၍ အစည်းအဝေး ဆောင်ရွက်ရန် နေရာ မရှိသောကြောင့် ခန်းမဆောင် တည်ဆောက်ခြင်းကို ဦးစားပေး(၃)အနေဖြင့် လည်းကောင်း၊ ရွာတွင်းလမ်းမကောင်းသောကြောင့် ဦးစားပေး(၄)ကိုလည်းကောင်း၊ မူကြိုအိမ်သာ မရှိသောကြောင့် ဦးစားပေး (၅) ကို လည်းကောင်း ၊ ရေလုံလောက်စွာ ရရှိစေရန် ဦးစားပေး(၆) ကိုလည်းကောင်း၊ သာရေး နာရေးတွင် လွယ်ကူ စွာ ဆောင်ရွက်သွားလာနိုင်ရန် ဦးစားပေး(၈)၊ လျှပ်စစ်မီး လုံလောက်စွာ ရရှိစေရန် ဦးစားပေး(၉)၊ စာကြည့်တိုက် ရှိ သော်လည်း စာအုပ်များ ၊ပရိဘောဂများ မရှိသောကြောင့် ဦးစားပေး(၁၀)၊ ကျေးရွာလူထုများ အလုပ်အကိုင် အခွင့်အလမ်း နှင့် ဝင်ငွေတိုးပွားစေရန် ဦးစားပေး(၁၁)တို့ကိုရွေးချယ်ထားပါသည်။

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးတင်ထွန်းအောင် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ |
| ၂ | ဒေါ်အေးမြလှိုင် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုစီထောက်ဥက္ကဌ |
| ၃ | ဒေါ်မီးငယ် | ငွေစာရင်းကိုင် | |
| ၄ | ဦးအေးသောင်း | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်ဘေဘီဂျူး | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးသန်းဝင်းလှိုင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်အားဒါ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးကော်ထူး | လည်ပတ်ထိန်သိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်ဝါးဆက် | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးစိုင်းထွေးအောင် | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၁ | ဒေါ်မြင်မြင့်သန်း | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၂ | ဒေါ်ထူးဖော | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၃ | ဦးဆော်လမွန် | စေတနာ့ဝန်ထမ်း | |
| ၁၄ | ဒေါ်သိန်းယည် | စေတနာ့ဝန်ထမ်း | |
| ၁၅ | ဦးဝင်းထွန်း | စေတနာ့ဝန်ထမ်း | |

`

# ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးအောင်ရီ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-445452112 | | လူထုစည်းရုံးရေးမှူး၏ အမည် နန်းအင်းကြွေ |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဖရူဆို | ကျေးရွာ ဟိုရဲ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင်---- | ၁၂၃ | ဘာသာ (၁) ခရစ်ယာန် | ၂၆၇ |
| လူမျိုးစု (၂) -ကယော | ၃၉ | ဘာသာ (၂) --ဗုဒ္ဓ---- | ၅၄ |
| လူမျိုးစု (၃) -ကယန်း-<br>(၄) ရှမ်း | ၇၆<br>၃၃ | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ရှမ်းဗမာ / ဗမာ+ကရင် / ကယား+ကယန်း+ကရင် / ရှင်း+ကရင် | ၆ | ဘာသာရော --ဗုဒ္ဓ+ခရစ်ယာန် | ၆ |
| အခြား ဗမာ၊ ပဒေါင်၊ အင်း၊ မွန် | ၄၄ | | |
| | အရေအတွက် | | ၃၂၇ |
| မသန်စွမ်းသူများ | ၇ | ခရစ်ယာန် | ၇ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၅ | ဗုဒ္ဓ / ခရစ်ယာန် | ၁၉ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | ၇၂၂ | ၇၄၆ | = ?၁၄၆၈ |
| လူမျိုးစု (၁)ကရင်-- | ၂၈၁ | ၂၉၉ | |
| လူမျိုးစု (၂)-ကယော | ၉၃ | ၉၆ | |
| လူမျိုးစု (၃)--ကယန်း၊ | ၁၆၉ | ၁၇၇ | |
| (၄). ရှမ်း၊ | ၆၉ | ၆၉ | |
| အခြား -- -- | ၉၈ | ၉၀ | |
| လူမျိုးစုရော. | ၁၂ | ၁၅ | |
| အိမ်ထောင်ဦးစီး၊ | ၂၆၅ | ၆၂ | = ?၃၂၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် [illegible] | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လှည်းသွားလမ်း အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ: (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၇ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်) /မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-------- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-----------------

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်----------------------------

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -- ရေကြီး၊ [illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဖွံ့ဖြိုးရေးကော်မတီ

(၂) Pact myanmar ကော်မတီ

(၃) CDD ကော်မတီ

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် ဦးအောင်မြင့် [uncertain]

လက်မှတ် [signature] နေ့စွဲ ၂၀.၉.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် နန်းဆုလှိုင် [uncertain]

လက်မှတ် [signature] နေ့စွဲ ၂၀.၉.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၀ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

**လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible]

နေ့စွဲ ၃၀ . ၉ . ၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible]

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃၀.၉.၂၀၁၇ | ၃၀.၁၀.၁၇ | ၄၄ | ၆၈ | ၁၀၂ | [illegible] |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁.၁၀.၁၇ | ၁.၁၀.၁၇ | ၃၅ | ၅၉ | ၆၄ | [illegible] |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၀.၁၀.၁၇ | ၂၀.၁၀.၁၇ | ၇ | ၈ | ၁၅ | [illegible] |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၀.၁၁.၁၇ | ၁၀.၁၁.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၅.၁.၁၈ | ၅.၁.၁၈ | ၄၂ | ၅၁ | ၆၃ | [illegible] |
| စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | ၅.၁.၁၈ | ၅.၁.၁၈ | ၆ | ၈ | ၁၄ | [illegible] |

| အစည်းအဝေး | | | | | | |
|---|---|---|---|---|---|---|
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၅.၁.၁၈ | ၅.၁.၁၈ | ၆ | ၈ | ၁၄ | ၁၀/၃/၂၂/ ၂/၆/ ဗမာ/ရှမ်း/ကယား/ကရင်/ကယန်း |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၅.၁.၁၈ | ၅.၁.၁၈ | ၆ | ၈ | ၁၄ | ၁၀/၃/၂၂/ ၂/၆/ " |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၅.၁.၁၈ | ၅.၁.၁၈ | ၆ | ၈ | ၁၄ | ၁၀/၃/၂၂/ ၂/၆/ " |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၅.၁.၁၈ | ၅.၁.၁၈ | ၆ | ၈ | ၁၄ | ၁၀/၃/၂၂/ ၂/၆/ " |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစီးပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| ညွှန်ကြားချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နန်းဆိုင်ထွေ့ ၊ ဇော်သော်မြင့် | | | |
| နေ့စွဲ ၁၀.၁၀.၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် မယ်စဲ့ | ကျေးရွာအုပ်စု မော်စဲ့ | ကျေးရွာ ပရိုစဲ့ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျန်းမာရေးဝန်ထမ်း နှင့်ဆေးဝါး မလုံလောက်ခြင်း | ၁ | စာသင်ကျောင်းဆရာ မလုံလောက်ခြင်း |
| ၂ | မူကြိုကျောင်းဆောင်ရှိ မလုံခြင်း | ၂ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၃ | ရွာတွင်းလမ်းများ မကောင်းခြင်း | ၃ | သာရေးနာရေးတွင်သုံးရန်ယာဉ်မရှိခြင်း |
| ၄ | ကျေးရွာခန်းမဆောင် မရှိခြင်း | ၄ | အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း |
| ၅ | လျှပ်စစ်မီး မလုံလောက်ခြင်း | ၅ | မူကြိုကျောင်းတွင်သင်ထောက်ကူပစ္စည်း နှင့် လုံလောက်သော နေရာထိုင်ခင်း မရှိခြင်း |
| ၆ | ကန့်သတ်နယ်မြေများလာသောကြောင့် စိုက်ပျိုးမြေနေရာများ ပါးလာခြင်း | ၆ | ကျေးရွာခန်းမဆောင် မရှိခြင်း |
| ၇ | သောက်သုံးရေ မလုံလောက်ခြင်း | ၇ | ကျောင်းခြံစည်းရိုးများ ပျက်စီးနေခြင်း |
| ၈ | | ၈ | ကျေးရွာတွင်းလမ်း မကောင်းခြင်း |
| ၉ | | ၉ | လျှပ်စစ်မီး မလုံလောက်ခြင်း |
| ၁၀ | | ၁၀ | စာကြည့်တိုက်တွင် စာအုပ်နှင့် ပရိဘောဂများ မရှိခြင်း |
| ၁၁ | | ၁၁ | |
| ၁၂ | | ၁၂ | |
| ၁၃ | | ၁၃ | |

မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | နယ်စပ်ကုန်သွယ်ရေး ဖွင့်လှစ်ဖို့ မျှော်လင့် | ၁ | အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန် |
| ၂ | အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန် | ၂ | မူကြိုကျောင်း ရရှိရန် |
| ၃ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ၃ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် |
| ၄ | ရပ်ရွာတိုးတက်ရေးကူညီထောက်ပံ့ပေးမယ့် အဖွဲ့အစည်းများကို မျှော်မှန်းသည်- | ၄ | စာသင်ကျောင်း မြဲစည်းရိုး၊ အိမ်သာ၊ ရေစင် ရရှိရန် |
| ၅ | ဘက်စုံ ဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်ရန် | ၅ | လူမှုရေးယာဉ် ရရှိရန် |
| ၆ | | ၆ | ကျေးရွာဈေးတန်း ရရှိရန် |
| ၇ | | ၇ | သောက်သုံးရေလုံလောက်စွာ ရရှိရန် |
| ၈ | | ၈ | လျှပ်စစ်မီး အိမ်တိုင်း ရရှိရန် |

၈။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ခန်းမဆောင် တည်ဆောက်ခြင်း၊ | အမျိုးသား + အမျိုးသမီး | ၂၂၇၀၀၀၀၀ | ၁၄၆၈ |
| ၂ | စာသင်ကျောင်းမြဲစည်းရိုးနှင့်ရေစင် တည်ဆောက်ခြင်း | အမျိုးသမီး | | ၁၄၆၈ |
| ၃ | မူကြိုကျောင်း ပြုပြင်ခြင်း နှင့် မြဲစည်းရိုးကာခြင်း | အမျိုးသား + အမျိုးသမီး | | ၁၄၆၈ |
| ၄ | မူကြိုအိမ်သာတည်ဆောက်ခြင်း၊ | အမျိုးသမီး | | ၁၄၆၈ |
| ၅ | ကျေးရွာလမ်း ပြုပြင်ခြင်း၊ | အမျိုးသား + အမျိုးသမီး | | ၁၄၆၈ |
| ၆ | ရေပိုက်လိုင်း ပြုပြင်တိုးချဲ့ခြင်း | အမျိုးသား | | ၁၄၆၈ |
| ၇ | လျှပ်စစ်မီးတိုင် ပံ့ပိုးပေးခြင်း | အမျိုးသမီး | | ၁၄၆၈ |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

…န်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| …ဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်း ခြံစည်းရိုး နှင့် ရေစင် တည်ဆောက်ခြင်း | ကျ+မ | | ၁၄ ဖြစ |
| ၂ | မူကြိုကျောင်း ပြုပြင်ခြင်း နှင့် ခြံစည်းရိုး ကာရံခြင်း | မ | | ၁၄ ဖြစ |
| ၃ | ခန်းမဆောင်ဆောက်လုပ်ခြင်း | ကျ+မ | ၂၂၇၀၀၀၀၀ | ၁၄ ဖြစ |
| ၄ | မူကြို အိမ်သာ တည်ဆောက်ခြင်း | မ | | ၅၄ ဖြစ |
| ၅ | ကျေးရွာလမ်း ပြုပြင်ခြင်း | ကျ+မ | | ၁၄ ဖြစ |
| ၆ | ရေပိုက်လိုင်း ပြုပြင်တိုးချဲ့ခြင်း | ကျ | | ၁၄ ဖြစ |
| ၇ | လျှပ်စစ်ဓာတ်အားတိုင် ပံ့ပိုး ပေးခြင်း | မ | | ၁၄ ဖြစ |
| | | | | |
| | | | | |
| | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ရေပိုက်လိုင်း ရေသွယ်စနစ် နှင့် ပြုပြင်ထိန်းသိမ်း နည်းပညာ | ကျ | အသက်မွေး ဝမ်းကြောင်း |
| | သင်တန်းပံ့ပိုးပေးခြင်း | | |
| ၂ | သာရေးနာရေး အတွက် အရေးပေါ် ယာဉ်(ကား) ပံ့ပိုးခြင်း | မ | အခြား |
| ၃ | ဆေးကုတိုက်ထဲ ပရိဘောဂ နှင့် ဆေးပစ္စည်းများ ပံ့ပိုးခြင်း | မ | အခြား |
| ၄ | ဆိုင်ကယ်ဝပ်ရှော့ နှင့် အပ်ချုပ်စက် (အဆင့်မြင့်) | မ | အသက်မွေးဝမ်းကြောင်း |
| | သင်တန်းပံ့ပိုးပေးခြင်း | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဒေါ်အေးမြ မြိုင်--- လက်မှတ် ---(signature)--- နေ့စွဲ ---၂.၁၀.၂၀၁၇---

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် နန်းဆင်းဝေး၊ ဒေါ်ဘဲဖြူစင် | | | |
| နေ့စွဲ 20.10.17 | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖယ်ခုံ | ကျေးရွာအုပ်စု ဖယ်ခုံ | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ခန့်မှန်းကုန်ကျစရိတ်: ကျေးရွာမှ ထည့်ဝင်မှု | ခန့်မှန်းကုန်ကျစရိတ်: အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | ခန့်မှန်းကုန်ကျစရိတ်: စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| တိုစိ | ခန်းမဆောင် | 60'x20'x12' | ၁၄၆၈ | □ ကျား ☑ ဖ □ ကျား+မ | 22700000 | | - | 22700000 |
| ယန်တိန်း | တံတားငယ် (၅) စင်း | (3'x3'x20')x4 (3'x3'x15') | ၁၁၉၈ | □ ကျား □ မ ☑ ကျား+မ | 11224000 | | - | 11224000 |
| ထဲကန် | ခန်းမဆောင် | 40'x30'x12' | ၃၉၆ | □ ကျား □ မ ☑ ကျား+မ | 16925000 | | - | 16925000 |
| | | | | □ ကျား □ မ □ ကျား+မ | | | - | |
| | | | | □ ကျား □ မ □ ကျား+မ | | | - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးလောရင်း လက်မှတ် [signature] ရက်စွဲ 20.10.17

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ - ပထမအကြိမ်ကျေးရွာအစည်းအဝေး

ကျေးရွာ - ဟိုမဲ့

ကျေးရွာအုပ်စု - မယ်မဲ

မြို့နယ် - မယ်မဲ

နေရာ - ဟိုမဲ့ ကျေးရွာ သထက်တန်း ကျောင်း

ရက်စွဲ - ၃၀.၉.၂၀၁၇

စတင်ချိန် - နေ့လည် ၁:၃၀ နာရီ

ပြီးဆုံးချိန် - ညနေ ၄:၃၀ နာရီ

တက်ရောက်သူများ - အမျိုးသား - ၄၄ ဦး၊ တက်ရောက်သည့်လူမျိုးစု - ကယန်း - ၃၆
အမျိုးသမီး - ၆၈ ဦး၊ အရေအတွက် ကချင် - ၂၄
ကယော - ၁၇

အိမ်ထောင်စု - ၁၁၂ ရှမ်း - ၉
ဗမာ - ၇
ကယား - ၅
အခြား - ၅

အစီအစဉ် ၁။ လက်ထောက်နည်းပညာမှူး ဦးဟိန်းထက်အောင် မှ ယနေ့ပြုလုပ်မည့် အစည်းအဝေး အစီအစဉ်များကို ဖတ်ကြားသည်။ ထို့နောက် စည်းရုံးရေးမှူးများ မှ နှုတ်ခွန်းဆက်သ သည်။

အစီအစဉ် ၂။ ကော်မတီ အားလုံး ကိုယ်စား ဝေဖန်အကြံပြုကိုယ်စားလှယ် "ဦးစိုးထွန်းအောင်" မှ အဖွင့်အမှာစကားပြောကြားရာ ယခု ဆောင်ရွက်သော အစည်းအဝေး သည် လူထုမဟုတ် မြို့ပြစီမံကိန်း၏ နှစ်ပတ်လည်နှစ်တော်ဝန်း အတွက် စတင်ဆောင်ရွက်သော အစည်းအဝေး ဖြစ်ကြောင်း ၊ ပထမ နှစ်တော်ဝန်းတွင် ရေရှုကန် နှင့် ရေပိုက်သွယ် ခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း ထိုသို့ဆောင်ရွက်ရာတွင် အဆက် အခဲများစွာရှိခဲ့သော်လည်း အောင်မြင်စွာ ဆောင်ရွက် ပြီးစီးခဲ့ကြောင်း ထိုရာတွင် လူထုပါဝင်မှု ပါဝင်ရေး အားနည်းခဲ့သောကြောင်း

၁

သက်ဆိုင်သူ ပေါင်းစုံ ပါဝင်သော ဆွေးနွေး သုံးသပ်ပွဲ (MSR) တွင် ပေးအပ်သော ဆုကို ကျေးရွာ အနေဖြင့် အောင်မြင်ခဲ့ကြောင်း နှင့် ယခု နှစ်တွင် ဆုရရှိနိုင်ရန် နှင့် ဖိုဖို အောင်မြင်အောင် ဆောင်ရွက် နိုင်ဖို့ လူထု များ အစ ခုဖြင့် တက်ကြွ ပူးပေါင်း ပါဝင်ပေး ကြရန် တိုက်တွန်း ဆွေးနွေး သည်။

အစီအစဉ် ၂။ လက်ထောက် နည်းပညာမှူး ဦးဟိန်းထက်အောင် မှ စီမံကိန်း ပိတ်သိမ်း အကြောင်း များ နှင့် ရည်ရွယ်ချက် များ ကို ရှင်းလင်း ဆွေးနွေး ပါသည်။

ထို့နောက် စီမံကိန်း စက်ဝန်း အကြောင်း များ ကို ရှင်းလင်း ဆွေးနွေး ပါသည်။

အစီအစဉ် ၃။ လက်ထောက် နည်းပညာမှူး ဦးဟိန်းထက်အောင် မှ စေတနာ့ဝန်ထမ်း ပြန်လည်ရွေးချယ် ပြင်ဆင်လိုပါက ပြင်ဆင်နိုင်ကြောင်း နှင့် ယခင် အတိုင်း ပြန်လာ တာ ရှိလိုပါက ထားရှိနိုင် ကြောင်း ပြောကြားရာ၊ စေတနာ့ဝန်ထမ်း များ မှ တာဝန် မှ ရပ်နား ပေးရန် တောင်း ဆိုမှု ကြောင့် စေတနာ့ဝန်ထမ်း များ ကို ပြန်လည်ရွေးချယ် ကြပါသည်။ ဒုတိယအသစ် အတွက် စေတနာ့ဝန်ထမ်း (၃) ဦး မှာ ၁။ ဦးဇော်လွန်၊ ၂။ ဒေါ်သိန်းယဉ် ၃။ ဦးဝင်းထွန်း တို့ကို ရွေးချယ် အတည်ပြုကြသည်။

အစီအစဉ် ၄ ။ အုပ်စု ၂ စု ခွဲ၍ စည်းရုံးရေးမှူး များ အကူအညီဖြင့် လူမှုဆန်း စစ်ခြင်း များ ကို ဆောင်ရွက်ကြသည်။

လူမှုရေး အရင်း မြစ်ပြ မြေပုံ ရေးဆွဲခြင်း နှင့် ဆန်းစစ်ချက်များ ကို ဦးဟိန်းထက်အောင် မှ ပံ့ပိုး ကူညီ ဆောင်ရွက်ပါသည်။

ဥစ္စာဓန ကြွယ်ဝမှု နှင့် ဆန်းစစ်ချက်များ ကို ဒေါ်နှင်းအိမွေ မှ ပံ့ပိုး ကူညီ ဆောင်ရွက်ပါသည်။

ပိုင်ဆိုင်မှုသုံးသပ်ခြင်း နှင့် ဆန်းစစ်ချက်များ ကို ဒေါ်နွယ်နီဝ မှ ပံ့ပိုး ကူညီ ဆောင်ရွက်ပါသည်။

ရာသီခွင်ပြက္ခဒိန် နှင့် ဆန်းစစ်ချက်များကို ဦးဆောင်အဖွဲ့မှ ကူညီဆောင်ရွက်ပါသည်
ဗင်းပုံ နှင့် သုံးသပ်ချက်များကို ဦးဆောင်အဖွဲ့မှ ကူညီဆောင်ရွက်ပါသည်။
ပင့်ကူအိမ် သုံးသပ်ခြင်း နှင့် ဆန်းစစ်ချက် များကို ဒေါ်နန်းအံ့ဝေ နှင့်
ဦးဟိန်းထက်အောင်တို့မှ ပံ့ပိုး ကူညီပါသည်။

အစီအစဉ် ၅။ PRA ဆန်းစစ်ချက်များအား စုစည်းတင်ပြပြီး လိုအပ်သည်များ
ဖြည့်စွက်ရန် အကြံပြုချက် ရယူပြီး ညနေ ၄ : ၃၀ တွင်
အစည်းအဝေးအား ရုပ်သိမ်းပါသည်။

အတည်ပြုသူ

လက်မှတ် - [signature]

အမည် - ဦးဝင်းထွန်းအောင်

ရာထူး - ဥ/ကျေးလက်ဖွံ့ဖြိုး

မှတ်တမ်းတင်သူ

လက်မှတ် - [signature]

အမည် - နန်းအံ့ဝေ

ရာထူး - CF

(၃)

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| အကြောင်းအရာ | - နိုဝင်ဘာအကြိုကျေးရွာအစည်းအဝေး |
| ကျေးရွာ | - ပဒိုစံ |
| ကျေးရွာအုပ်စု | - ပယ်စံ |
| မြို့နယ် | - ပယ်စံ |
| နေရာ | - ပဒိုစံကျေးရွာ အထက်တန်း ကျောင်း |
| ရက်စွဲ | - ၁.၁၀.၂၀၁၇ |
| စတင်ချိန် | - မွန်းလွဲ ၂:၁၅ နာရီ |
| ပြီးဆုံးချိန် | - ညနေ ၄:၄၅ နာရီ |
| တက်ရောက်သူများ | - အမျိုးသား - ၃၅ ဦး၊ အမျိုးသမီး - ၅၉ ဦး၊ |
| အိမ်ထောင်စု | - ၉၄ |

တက်ရောက်သည့်လူမျိုးစု - အရေအတွက်

| | |
|---|---|
| ကယန်း | - ၂၉ |
| ကရင် | - ၂၄ |
| ကယော | - ၁၇ |
| ရှမ်း | - ၉ |
| ပအို | - ၇ |
| ကယား | - ၅ |
| အခြား | - ၃ |

အစီအစဉ် ၁။ စီမံကိန်းလုပ်ငန်းခွဲများ ဖော်ထုတ် နိုင်ရန် တက်ရောက်လာသူများအား အမျိုးသား နှင့် အမျိုးသမီး သီးခြား စီ နှစ်ဖွဲ့ ခွဲကာ အသက်အသံပြဿနာ၊ မျှော်မှန်းချက်နှင့်၊ စီမံကိန်း လုပ်ငန်း ခွဲများကို လူထုစည်းရုံး ရေးမှူးများ အကူအညီဖြင့် ဖော်ထုတ်ကြရာ၊ အမျိုးသမီး အဖွဲ့ တွင် ဦးစောအဲ့ရှိ မှ ပံ့ပိုးကူညီ မှု၊ အမျိုးသား အဖွဲ့ အား ဦးဟိန်းထက်အောင် မှ ပံ့ပိုးကူညီ ဆောင်ရွက် ပါသည်။ ဦးစားပေးလုပ်ငန်းများ ရွေး ချယ်ကြသည်။

အစီအစဉ် ၂။ ဦးဟိန်းထက်အောင်မှ စီမံကိန်း လုပ်ငန်း၏ အကျုံးဝင် နှင့် အကျုံးမဝင် သည်များကို ရှင်းလင်း ဆွေးနွေးပါသည်။

တက်ရောက်လာသူများ သည် အကျုံးဝင်၊ အကျုံးမဝင် ဆိုသောအခါ ဦးစားပေးအတွက်မှတ်ထားသော လုပ်ငန်းခွဲများအား ပြန်လည်ပြင်ဆင်ကြ၊ ရန်သာသောတညီကြပြီး ဦးစားပေး အဆင့် များ အစဉ်ဖြင့်

၁။ စာသင်ကျောင်း ဖြည့်စွက်ခြင်း နှင့် ရေစင် တည်ဆောက်ခြင်း

၂။ ဘုန်းကြီးကျောင်း ပြုပြင်ခြင်း နှင့် ခြံစည်းရိုးကာခြင်း ( ဃ )

၃။ ခန်းမဆောင် ဆောက်လုပ်ခြင်း (က+ဃ)

၄။ ဘုန်းကြီး အိမ်သာ တည်ဆောက်ခြင်း (ဃ)

၅။ ကျေးရွာလမ်း ပြုပြင်ခြင်း (က + ဃ)

၆။ ရေပိုက်လိုင်း ပြုပြင်တိုးချဲ့ခြင်း (က)

၇။ ရေပိုက်လိုင်း နှင့် ရေသွယ်စနစ် နည်းပညာသင်တန်း ပို့ချခြင်း (က)

၈။ သာရေး / နာရေး အတွက် အရေးပေါ်ဖောင့် (ဃ)

၉။ လျှပ်စစ် မီတာတိုင် တိုးချဲ့ခြင်း လုပ်ငန်း (ဃ)

၁၀။ စာကြည့်တိုက်သုံး ပရိဘောဂ နှင့် စာအုပ်များ ပံ့ပိုးပေးခြင်း (ဃ)

၁၁။ ဆိုင်ကယ်ဝပ်ရှော့ နှင့် အပ်ချုပ်စက် (အဆင့်မြင့်) သင်တန်း ပံ့ပိုးပေးခြင်း (ဃ)

အစီအစဉ် ၃ ။ လက်တွေ့နည်းပညာ မှူး ဦး ဟိန်းထက်အောင် မှ ကော်မတီရွေးချယ်ခြင်း အစီအစဉ်များကို ရှင်းပြပါသည်၊ ကော်မတီများ အား ယခင် အတိုင်းထားရှိလိုပါက ထားနိုင်ကြောင်း၊ လိုအပ်သည့် နေရာ၊ ကော်မတီ အသီးသီးမှ ဆန္ဒပြု၍ ထွက်နိုင်ကြောင်း ပြောကြားရာ ၊ ကော်မတီ များကို လူထုသဘောဆန္ဒ ဖြင့် ပြန်လည် ရွေးချယ်ကြပါသည်။ ထို့ သော ကော်မတီများမှလည်း လုပ်ငန်းအခက်အခဲ ရှိသော ကြောင်း နှင့် ဆက်လက်ရန် ရှိသောကြောင်း ကော်မတီမှ ရပ်နားရန် ဆန္ဒ ပြုကြပါသည်။

ကော်မတီများ ကို ပြဲ ဆန္ဒဖြင့် ရွေးချယ်ကြရာ ။ ဖိတ်ဆောက်ဥက္ကဋ္ဌ ဦးတင်ထွန်းအောင် နှင့် ဒေါ်အေးမြလှိုင် ၊ ငွေစာရင်းကိုင် - ဒေါ်ခင်ယဉ်၊ ပစ္စည်းဝယ်ယူရေး - ဦးအေးသောင်း နှင့် ဒေါ်ကေသီကျူ ၊ စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ - ဦးသန်းဝင်းလှိုင် နှင့် ဒေါ်မာမာဒါန် ၊ လည်ပတ်ထိန်းသိမ်းရေး - ဦးဇော်ဝင်း နှင့် ဒေါ်ဝါဝါဆက် ၊ စေတနာအကြံပြု - ဦးထွန်းအောင် နှင့် ဒေါ်မြင့်မြင့်သန်း နှင့် ဒေါ်တောတူး ၊ စေတနာ့ဝန်ထမ်း - ဦးဇော်ထွန်း ဒေါ်သိန်းဟင် နှင့် ဦးဝင်းထွန်း တို့ကို အသီးသီး ရွေးချယ်ကြသည်။

ထို့နောက် အတည်ပြုရွေးချယ်ပြီးသော ကော်မတီများကို ထပ်မံဖတ်ကြားပေးပါ သည်။

အစီအစဉ်။ ။ လက်ထောက်နည်းပညာမှူး ဦးဝင်းထက်အောင် မှ စီမံကိန်းဆောင်ရွက် ရာတွင်လိုက်နာရမည့် အကာအကွယ်များ ကိုရှင်းလင်းဆွေးနွေး သည်- ထို့နောက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ နှင့်၊ အုပ်စုအ စည်းအဝေး အကြောင်း၊ (TPIC) မြို့နယ်စီမံကိန်းရေးဆွဲရေးကော်မ တီ အကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။

| အတည်ပြုသူ | | မှတ်တမ်းတင်သူ | |
|---|---|---|---|
| လက်မှတ် | - [signature] | လက်မှတ် | - [signature] |
| အမည် | - ဦးတင်ထွန်းအောင် | အမည် | - နန်းသင်းဆွေ |
| ရာထူး | - ဥ/ကျေးရွာဥက္ကဋ္ဌ | ရာထူး | - ကူညီစည်း ရုံးရေးမှူး |

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဟိုခဲ့ကျေးရွာ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး နှင့်လမ်း/တံတား | ၁ | ခန်းမဆောင် | ၃+၂ | | | |
| | ၂ | ကျေးရွာလမ်းပြုပြင်ခြင်း | ၃+၅ | | | |
| | ၃ | လျှပ်စစ်ဓါတ်ကိုင်ပံ့ပိုးခြင်း | ၅ | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကြောင်းနှင့် စိုက်ပျိုးရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေးနှင့် ရေရရှိရေး | ၁ | ရေပိုက်လိုင်းပြုပြင်တိုးချဲ့ | ၃ | | | |
| | ၂ | ခြင်း | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပညာရေး | ၁ | စာသင်ကျောင်းခြံစည်းရိုးနှင့် | ၂ | | | |
| | ၂ | ရေဆို | | | | |
| | ၃ | မူကြိုအိမ်သာ | ၅ | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |